စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၅/ ၂၀၂၃)　　　　　　　　　　၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၁၀) ရက်

| ၁၀ - ၈ -၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၃၁၅.၀ |
| စင်္ကာပူဒေါ်လာ | ၁,၅၆၀.၅ |
| စတာလင်ပေါင် | ၂,၆၈၁.၂ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၆၀.၁ |
| တရုတ်ယွမ် | ၂၉၁.၃၇ |
| ဟောင်ကောင်ဒေါ်လာ | ၂၆၈.၆၇ |
| အိန္ဒိယရူပီး | ၂၅.၃၅၇ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၉.၉၄ |
| မလေးရှားရင်းဂစ် | ၄၅၉.၃၂ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၃၅၃ |
| ထိုင်းဘတ် | ၅၉.၈၉၇ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၈၄၃၈ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ပြည်ပမှဝယ်လိုအားများလာ၍ တရုတ်နိုင်ငံမှ လော်စစ်ဖန်ခေါက်ဆွဲများ ရောင်းချရမှု မြင့်တက်လာ

➢ မိုးခေါင်လာမှုကြောင့် ရေပြတ်လပ်မှုကို စိုးရိမ်သဖြင့် အချို့ဒေသများတွင် ဆန်စပါးစိုက်ပျိုးမှုကို ရပ်နားထားရန် ထိုင်းအစိုးရ စဉ်းစားလာနိုင်

➢ ထိုင်းနိုင်ငံ၌ ယခုနှစ်အတွင်း လေချူသီး (Longan) အထွက်နှုန်း လျော့နည်းနိုင်

➢ ဆန်တင်ပို့မှု ပိတ်ပင်ထားသည့် ကာလအတွင်း ဘူတန်နိုင်ငံမှ ဆန်တင်သွင်းခွင့်ပြုရန် တောင်းဆိုထားသဖြင့် အိန္ဒိယအနေဖြင့် လက်ခံသွားဖွယ်ရှိ

➢ အိန္ဒိယနိုင်ငံတွင် ဆန်တင်ပို့မှုများ ပိတ်ပင်လိုက်ပြီးနောက် သကြားတင်ပို့မှုအား ပိတ်ပင်မည်ကို စိုးရိမ်မှုများ ဖြစ်ပေါ်လျက်ရှိ

➢ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွက် စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း သတင်းထုတ်ပြန်ချက်

➢ တောင်ကိုရီးယားနိုင်ငံ၏ ကင်မ်ချီတင်ပို့မှုကို ၂၀၂၇ ခုနှစ်တွင် နှစ်ဆမြှင့်တင်ရန် ရည်မှန်းထား

- **အထွေထွေသတင်းများ**

➢ နိုင်ငံ၏ ပို့ကုန်တင်ပို့မှုတိုးတက်စေရေး အတတ်နိုင်ဆုံးကြိုးပမ်းသွားမည်ဟု တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးပြောကြား

- ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ပထမ (၁၀) ရက်အတွင်း တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှု ၁၅.၃ ရာခိုင်နှုန်းကျဆင်းခဲ့
- ၂၀၂၃ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေး ၁.၅ ရာခိုင်နှုန်း တိုးတက်မည်ဟု ကိုရီးယားဖွံ့ဖြိုးရေးသိပ္ပံက ခန့်မှန်း

# ပြည်ပမှဝယ်လိုအား များလာ၍ တရုတ်နိုင်ငံမှ လော်စစ်ဖန်ခေါက်ဆွဲများ ရောင်းချရမှု မြင့်တက်လာ

တရုတ်နိုင်ငံမြောက်ပိုင်း Tianjin မြို့ရှိ ခေါက်ဆွဲဆိုင်များတွင် ကီလိုမီတာ (၂၀၀၀) ကျော် အကွာရှိ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လျိုကျိုးမြို့ (Liuzhou)၏ ထင်ရှားကျော်ကြားသည့် အစားအစာဖြစ်သော လော်စစ်ဖန်(Luosifen) မှျစ်ခရု ခေါက်ဆွဲကို လူကြိုက်များလာကြောင်း သိရှိရပါသည်။

လျိုကျိုးဒေသမှ အနံ့အရသာပြင်းသော လော်စစ်ဖန်(Luosifen)မှျစ်ခရုခေါက်ဆွဲသည် မကြာသေးမီနှစ်များအတွင်း တရုတ်အစားအစာများကြားတွင် ခေတ်စားလာခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း အသွားအလာကန့်သတ်ထားသောအချိန်တွင် ၎င်း၏ အသင့်စားထုပ်ပိုး မှုပုံစံသည် လူကြိုက်အများဆုံးအစားအစာများထဲမှ တစ်ခုဖြစ်လာကြောင်း သိရှိရပါသည်။

တရားဝင်အချက်အလက်များအရ ၂၀၂၂ ခုနှစ်တွင် လျိုကျိုးမြို့မှထုတ်လုပ်သည့် အသင့်စား လော်စစ်ဖန်ခေါက်ဆွဲထုပ်များသည် ဝင်ငွေယွမ် (၁၈.၂)ဘီလီယံ (အမေရိကန်ဒေါ်လာ ၂.၆ ဘီလီယံ ခန့်)ရရှိခဲ့ပြီး ယခင်နှစ်ထက် (၁၉.၆) ရာခိုင်နှုန်းတိုးလာကာ ယင်းမြို့ရှိလုပ်ငန်းကွင်းဆက် တစ်ခုလုံး တိုးတက်လာကြောင်း၊ ၎င်းနှင့်ဆက်စပ်သည့် ပါဝင်ပစ္စည်းများ စိုက်ပျိုးခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်း နှင့် ယဉ်ကျေးမှုခရီးသွားလုပ်ငန်းအထိ ဆက်စပ်လုပ်ငန်းများသည် နှစ်စဉ်ဝင်ငွေ (၂၀)ရာခိုင်နှုန်းနီးပါး တိုးတက်ခဲ့ပြီး ယွမ် (၆၀)ဘီလီယံကျော်အထိ ရရှိခဲ့ကြောင်း သိရှိရပါသည်။

ကပ်ရောဂါဆိုင်ရာတားမြစ်ကန့်သတ်ချက်များကို ရုတ်သိမ်းပြီးနောက်တွင်ပင် လော်စစ်ဖန် ခေါက်ဆွဲဝယ်လိုအားသည် ဆက်လက်မြင့်တက်နေကြောင်း သိရှိရပါသည်။ လျိုကျိုးမြို့ရှိ e-commerce လုပ်ငန်းတစ်ခုသည် တစ်ရက်လျှင် အသင့်ထုပ်ပိုးထားသည့် လော်စစ်ဖန်ခေါက်ဆွဲထုပ် ပေါင်း (၁၀၀,၀၀၀)ကျော်ကို နိုင်ငံတစ်ဝှမ်းမှ ဝယ်ယူသူများထံ ရောင်းချပေးလျက်ရှိကြောင်း၊ ယခုနှစ် ပထမနှစ်ဝက်တွင် လျိုကျိုးမြို့မှ ရောင်းချသော လော်စစ်ဖန်ခေါက်ဆွဲထုပ်အရေအတွက်သည် (၅၄) သန်းကျော်ရှိခဲ့ကြောင်း လျိုကျိုးမြို့စာတိုက်မှ ထုတ်ပြန်သော စာရင်းဇယားများအရ သိရှိရပါသည်။

လော်စစ်ဖန်ခေါက်ဆွဲသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ကြီးထွားလာသည် နှင့်အမျှ လျိုကျိုးအစိုးရသည် အဆိုပါလုပ်ငန်းကို စံချိန်စံညွှန်းသတ်မှတ်ရန်နှင့် လော်စစ်ဖန်ခေါက် ဆွဲကို နိုင်ငံရပ်ခြားတွင် ဈေးကွက်ရရှိရန်အတွက် အမိန့်ကြော်ငြာစာများ၊ လမ်းညွှန်ချက်များနှင့် အစီအစဉ်များစွာကို ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

လျိုကျိုးအကောက်ခွန်အာဏာပိုင်များ၏ အချက်အလက်များအရ လျိုကျိုးမြို့မှတင်ပို့သော လော်စစ်ဖန်ခေါက်ဆွဲပမာဏသည် ယခင်နှစ်ထက် (၂၅)ရာခိုင်နှုန်းတိုးလာခဲ့ပြီး ယခုနှစ်၊ ပထမနှစ်

Agribusiness & Trade

ဝက်တွင် တန်ချိန် (၁၂၈၀.၅)အထိ ရောက်ရှိခဲ့ကြောင်း၊ အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ၊ စင်ကာပူနှင့် မလေးရှားတို့သည် တန်ဖိုးအရ လော်စစ်ဖန်ခေါက်ဆွဲ တင်သွင်းသည့် နိုင်ငံစာရင်းတွင် ထိပ်ဆုံးမှရပ်တည်နေကြောင်း သိရှိရပါသည်။

ယခုအချိန်အထိ လော်စစ်ဖန်ခေါက်ဆွဲလုပ်ငန်းတွင် အဓိကကုမ္ပဏီ (၅၄)ခုရှိပြီး ပို့ကုန်လိုင်စင်လည်း ရရှိထားပြီးဖြစ်သည်ဟု လျိုကျိုးအကောက်ခွန်၏ လက်ထောက်အကြီးအကဲ Huang Xu က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

လော်စစ်ဖန်ခေါက်ဆွဲ တင်ပို့မှုနယ်ပယ်တွင် ပထမဆုံးခြေချခဲ့သည့် လုပ်ငန်းတစ်ခုဖြစ်သည့် Guangxi Luobawang Brand Management Co., Ltd. သည် ယခုနှစ်၊ ပထမခြောက်လအတွင်း ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ (၃.၈၄)သန်းခန့် ရရှိခဲ့ပြီး ၂၀၂၂ ခုနှစ်၊ အလားတူကာလထက် (၃၄) ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရှိရပါသည်။ ၂၀၂၃ ခုနှစ်၊ ပထမနှစ်ဝက်တွင် အဆိုပါ ကုမ္ပဏီသည် ဥရောပသို့ လော်စစ်ဖန်ခေါက်ဆွဲ အမေရိကန်ဒေါ်လာ (၄၀၀၀၀)ဖိုး တင်ပို့ရောင်း ချနိုင်ခဲ့ပြီး ဈေးကွက်သစ်ကို ထိုးဖောက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

လျိုကျိုးမြို့မှ လော်စစ်ဖန်ခေါက်ဆွဲထုတ်လုပ်ရာတွင် ကုန်ကြမ်းအဖြစ် အသုံးပြုရန် မြန်မာနိုင်ငံမှ ဆန်ကွဲများကို တင်ပို့ရောင်းချလျက်ရှိရာ ယခုကဲ့သို့ လော်စစ်ဖန်ခေါက်ဆွဲ ထုတ်လုပ်မှုတိုးတက်လာပြီး ပြည်တွင်းဈေးကွက်၌သာမက ပြည်ပဈေးကွက်၌ပါ ဝယ်လိုအားများလာခြင်းသည် မြန်မာနိုင်ငံမှ ဆန်ကွဲများ ပိုမိုတင်ပို့ရောင်းချနိုင်မည့်အခွင့်အလမ်းတစ်ခုဖြစ်ပါကြောင်း သုံးသပ်ရပါသည်။

Source: https://english.news.cn/20230807/016a0980b1c243b6a8112eaa4aa00da5/c.html
ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

## မိုးခေါင်လာမှုကြောင့် ရေပြတ်လပ်မှုကို စိုးရိမ်သဖြင့် အချို့ဒေသများတွင် ဆန်စပါးစိုက်ပျိုးမှုကို ရပ်နားထားရန် ထိုင်းအစိုးရ စဉ်းစားလာနိုင်

ထိုင်းနိုင်ငံ အလယ်ပိုင်းလွင်ပြင်ဒေသများတွင် ရေချွေတာရန်အတွက် ယင်းဒေသတွင် ဆန်စပါးစိုက်ပျိုးမှုကို ရပ်ဆိုင်းထားရန်နှင့် ရေပြဿနာဖြေရှင်းရန် စင်တာတစ်ခုတည်ထောင်ရန် အစိုးရအနေဖြင့် ညွှန်ကြားလာနိုင်ကြောင်း နိုင်ငံအဆင့် ရေအရင်းအမြစ်ရုံး၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Surasri Kidtimonton က ပြောကြားပါသည်။

ယခုနှစ် မိုးရွာသွန်းမှုသည် ပျှမ်းမျှထက်ပင်နည်းနေပါကြောင်း၊ ပိုမိုခြောက်သွေ့လာသော မိုးရာသီဖြစ်လာကြောင်း၊ ထိခိုက်မှုအများဆုံးမှာ နိုင်ငံ၏ ဆန်စပါး ခါးပတ်ဟု အမည်ပေးထားသည့် အလယ်ပိုင်းလွင်ပြင်ဒေသများတွင် ဖြစ်ကြောင်း၊ မိုးရွာသွန်းမှုမှာ ၄၀ ရာခိုင်နှုန်းသာရှိကြောင်း၊ နေရာအနှံ့ ရေရှားပါးမှု ဖြစ်ပေါ်နေပါကြောင်း ၎င်းက ဆက်လက်ပြောကြားပါသည်။

အဓိက ရေလှောင်ကန်ကြီး ၄ ခုတွင်လည်း ရေသည် ပျှမ်းမျှထက်ပင် နည်းနေပါကြောင်း၊ ရေပမာဏ ၉,၆၁၇ သန်း ကုဗမီတာသာရှိကြောင်း၊ လက်ရှိတွင် ၂,၉၂၁ သန်း ကုဗမီတာသာ သုံးနိုင်ပါကြောင်း၊ အယ်နီညို ရာသီဥတုဖြစ်စဉ်များ ၂၀၂၅ ခုနှစ်ထိ ရှည်ကြာသွားမည်ကို စိုးရိမ်ကြပါကြောင်း၊ နိုင်ငံနှင့်အဝှမ်း ရေစီမံခန့်ခွဲမှုအတွက် အစီအစဉ်များ ဆောင်ရွက်ထားသင့်ကြောင်း၊ အလယ်ပိုင်းလွင်ပြင်ဒေသတွင် လယ်ယာမြေများ များပြားစွာ စိုက်ပျိုးပြီး ရေပမာဏများစွာကို ဆန်စပါး စိုက်ပျိုးရန် အသုံးပြုကြပါကြောင်း Mr. Surasri ဖြည့်စွက်ပြောကြားပါသည်။

စိုက်ပျိုးမှု မစတင်သေးသော တောင်သူများကို နောက်ကျပြီးမှ စိုက်ပျိုးရန် သို့မဟုတ် မိုးခေါင်မှုဒဏ် ခံနိုင်ရည်ရှိသော အပင်များစိုက်ပျိုးရန် တိုက်တွန်းနိုင်ကြောင်း၊ ကော်မတီအနေဖြင့် ဒေသတွင်းရှိ မြစ်များသို့ ရင်းမြစ်များစွာမှ ရေရရှိနိုင်ရန် စောင့်ကြည့်ရမည်ဖြစ်ကြောင်း၊ အိမ်ထောင်စုများ ရေသုံးစွဲနိုင်ရန်အတွက် ဦးစားပေးအနေဖြင့် ရေဖြန့်ဖြူးပေးရမည်ဖြစ်ကြောင်း အကြံပြုထားပါသည်။

နိုင်ငံအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ဥက္ကဋ္ဌဖြစ်သော ဝန်ကြီးချုပ် Prayut-o-cha အနေဖြင့် ရေပြဿနာဖြေရှင်းရန် စင်တာတစ်ခုတည်ထောင်ရန် ညွှန်ကြားလာနိုင်ကြောင်း၊ လိုအပ်ပါက ရေပြတ်လပ်မှုပြင်းထန်စွာခံစားနေရသည့် ဒေသများတွင် ဆန်စိုက်ပျိုးမှု ရပ်နားထားရန် ညွှန်ကြားချက်ထုတ် ပြန်လာနိုင်ကြောင်း၊ အဓိကအားဖြင့် ပြည်သူများသည် ရေကို ချွေတာသုံးရန်ဖြစ်ကြောင်း Mr. Surasri က ပြောကြားပါသည်။

Source: www.bangkok post. gov

သီတာဝင်း၊ စီးပွားရေးသံမှူး

ဗန်ကောက်မြို့

......................................................................

## ထိုင်းနိုင်ငံ၌ ယခုနှစ်အတွင်း လေချူသီး (Longan) အထွက်နှုန်း လျော့နည်းနိုင်

ထိုင်းနိုင်ငံ၏ မြောက်ပိုင်းပြည်နယ် ၈ ခုတွင် စိုက်ပျိုးလျက်ရှိသော လေချူသီး အထွက်နှုန်းသည် ယခုနှစ်အတွင်း ၄၀-၅၀ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း၊ ပြင်းထန်သော ပူပြင်းသည့် ရာသီဥတု အခြေအနေနှင့် လွန်ခဲ့သော ၂-၃ နှစ်ခန့်က ကပ်ရောဂါကာလအတွင်း သိသိသာသာဈေးနှုန်းကျဆင်းခဲ့ခြင်းတို့ကြောင့် စိုက်ပျိုးသူတောင်သူများက စိုက်ဧရိယာများကို လျော့နည်းစိုက်ပျိုးကြ

ကြောင်း မြောက်ပိုင်းလေချိုသီးခြောက်ထုတ်လုပ်သူများအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Mr. Tanakrit Tunwattanagul က ပြောကြားပါသည်။

ထိုင်းနှင့် တရုတ်တို့တွင် ပစ္စည်းလက်ကျန်ပြတ်လပ်တော့မည်ဖြစ်သဖြင့် တောင်သူများထံမှ အသီးများဝယ်ယူ၍ အခြောက်ခံရန် စက်ရုံများအနေဖြင့် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ ယင်း အခြေအနေကြောင့် လေချိုသီးဝယ်လိုအား မြင့်တက်လာပြီး ဈေးနှုန်းအရလည်း လေချိုသီး လတ် လတ်ဆတ်ဆတ် ၁ ကီလိုဂရမ်လျှင် ဘတ် ၃၀-၃၅ အထိ ရရှိနိုင်ကြောင်း ၎င်းက ဆက်လက်ပြော ကြားပါသည်။

တရုတ်နိုင်ငံ၏ အသွားအလာကန့်သတ်မှုအခြေအနေများနှင့် ၎င်း၏ နယ်စပ်ကုန်သွယ်ရေး ဂိတ်များကို ပိတ်ဆို့လိုက်ခြင်းကြောင့် တောင်သူများအနေဖြင့် စိုက်ပျိုးရန် အားလျော့ခဲ့ပါကြောင်း၊ လေချိုသီးရာသီမှာ ဇူလိုင်လမှ စက်တင်ဘာလအထိဖြစ်ကြောင်း၊ အထွက်ဆုံးအချိန်သည် ဩဂုတ်လ ဖြစ်ကြောင်း၊ ယခုနှစ်တွင် စက်ရုံများသည် တောင်သူများထံမှ အပြိုင်အဆိုင်ဝယ်ယူရမည် ဖြစ် ကြောင်း၊ ခူးဆွတ်ချိန် နှောင့်နှေးမှု၊ မိုးခေါင်မှုနှင့် ဈေးနှုန်းကြောင့် စိုက်ဧရိယာများလျှော့ချထားခြင်း ကြောင့် ဖြစ်ကြောင်း၊ တောင်သူများသည် လေချိုသီးအစား ဒူးရင်းသီးနှင့် ထောပတ်သီးများကို အစားထိုး စိုက်ပျိုးကြပါကြောင်း ၎င်းက ဖြည့်စွက်ပြောကြားပါသည်။

တစ်နိုင်ငံလုံးတွင် လေချိုသီးစိုက်ဧရိယာ ၁.၇ သန်းရိုင်အနက် ပြည်နယ် (၈) ခုမှ ၁.၂ သန်း ရိုင် ဖြစ်ကြောင်း၊ ရာသီချိန်နှင့် ရာသီချိန်ပြင်ပ စိုက်ပျိုးကြပြီး တစ်နှစ်လျှင် တန် ၁.၅၅ သန်း ထွက်ရှိ ရာ ပြည်နယ် (၈) ခုမှ တန် ၁.၀၃ သန်းဖြစ်ကြောင်း သိရှိရပါသည်။

ဦးစီးဌာနအနေဖြင့် လေချိုသီး စိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့်စပ်လျဉ်းသည့် အစီအမံ များ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တောင်သူများထံမှ အသီး ၁၄၅,၀၀၀ တန် ဝယ်ယူ ရေးအတွက် လုပ်ငန်းရှင်များနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်း စူပါမားကတ် ७၀၀ တွင်လည်း ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အသီးခြောက် ထုတ်လုပ်သည့်စက်ရုံများ၊ စက်သုံးဆီအရောင်းဆိုင်များနှင့်လည်း တောင်သူများထံမှ လေချိုသီးများ ဝယ်ယူရေး ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြည်တွင်းကုန်သွယ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Goranij Nonejuie က ပြောကြားပါသည်။

Source: [www.bangkok post. gov](www.bangkok post. gov)

သီတာဝင်း၊ စီးပွားရေးသံမှူး

ဗန်ကောက်မြို့

…………………………………………………………………………………………………

Agribusiness & Trade

## ဆန်တင်ပို့မှု ပိတ်ပင်ထားသည့် ကာလအတွင်း ဘူတန်နိုင်ငံမှ ဆန်တင်သွင်းခွင့်ပြုရန် တောင်းဆိုထားသဖြင့် အိန္ဒိယ အနေဖြင့် လက်ခံသွားဖွယ်ရှိ

အိန္ဒိယနိုင်ငံသည် ဇူလိုင်လ ၂၀ ရက်က ဘာစမာတီမဟုတ်သည့် ဆန်ဖြူကို ပြည်ပသို့ တင်ပို့ခွင့် ပိတ်ပင်လိုက်ပြီးနောက် ဘူတန်နိုင်ငံက ဆန်တင်ပို့ခွင့်ပြုရန် အိန္ဒိယကို တောင်းဆိုခဲ့သည်ဟု အဆိုပါကိစ္စနှင့်ပတ်သက်၍ သိရှိသူတစ်ဦးက ပြောကြားထားကြောင်း Hindustan Times သတင်းစာတွင် ဖော်ပြထားပါသည်။

ကမ္ဘာတွင် ဆန်တင်ပို့မှု အများဆုံးဖြစ်သည့်အိန္ဒိယသည် ကမ္ဘာတစ်ဝှမ်း စပါးအထွက်နှုန်းကို ထိခိုက်စေသည့်အယ်နီညိုရာသီဥတုပုံစံနှင့် ရုရှားနိုင်ငံက ယူကရိန်း နံ့စားသီးနှံတင်ပို့မှု သဘောတူညီမှုမှ နှုတ်ထွက်မှုများကို စိုးရိမ်ပူပန်မှုများကြောင့် ဆန်တင်ပို့မှုကို တားမြစ်ခဲ့ပြီး ကမ္ဘာ့ဆန်ဈေးနှုန်းမှာလည်း တဟုတ်ထိုး မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

ဘူတန်သည် အိန္ဒိယသို့ ဆန်တန်ချိန် ၉၀၀၀၀ အထိ တင်ပို့မှုအတွက် သံတမန်ရေးရာ တောင်းဆိုမှုတစ်ခု ပြုလုပ်ခဲ့ကြောင်း၊ အိန္ဒိယ၏ တားမြစ်ချက်ကြောင့် ကမ္ဘာ့ဈေးနှုန်းများသည် ၁၂ နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ ဆန်စပါးဈေးနှုန်းညွှန်းကိန်းသည် ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ၁၂၉.၇ မှတ်အထိ ခုန်တက်သွားပြီး ယခင်နှစ်ကထက် ၁၉.၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ကမ္ဘာ့ဆန်တင်ပို့မှုတွင် အိန္ဒိယ၏ တင်ပို့မှုသည် ၄၀ ရာခိုင်နှုန်းနီးပါး ရှိကြောင်းလည်း သိရှိရပါသည်။

အိန္ဒိယ၏ ဆန်ပိတ်ပင်မှုသည် အစိုးရအချင်းချင်း သဘောတူညီချက်များဖြင့် တင်ပို့ခြင်းများကို ကင်းလွတ်ခွင့်ပြုထားပြီး အမှန်တကယ် စားနပ်ရိက္ခာဖူလုံရေး လိုအပ်ချက်ရှိသည့် “မိတ်ဆွေနိုင်ငံများ” မှ တောင်းဆိုမှုများတွင် ကင်းလွတ်ခွင့်ပြုထားပါကြောင်း၊ အလားတူဖြေ လျှော့မှုများသည် မေလ 2022 ခုနှစ်တွင် စတင်ခဲ့သော ဂျုံတင်ပို့မှု တားမြစ်ချက်နှင့်လည်း တူညီမှုရှိသည်ဟု သိရှိရပါသည်။

ယင်းကဲ့သို့သော ကင်းလွတ်ခွင့်များအောက်တွင် အိန္ဒိယနိုင်ငံမှ တင်ပို့သည့်ဆန်ကို တစ်ဆင့်ကုန်သွယ်မှုအတွက်အသုံးမပြုနိုင်ကြောင်းနှင့် ပြည်တွင်းစားသုံးမှုအတွက်သာ အသုံးပြုရန် ပြဋ္ဌာန်းထားပါကြောင်း၊ ယခုကဲ့သို့ သံတမန်ရေး တောင်းဆိုမှုများကို ပြည်ပရေးရာဝန်ကြီးဌာနက ပထမအကြိမ်ပြန်လည်သုံးသပ်ထားကြောင်းနှင့် ဘူတန်၏ဆန်တင်သွင်းခွင့် တောင်းဆိုမှုသည် လက်ခံနိုင်ဖွယ်ရှိကြောင်း၊ အဆိုပြုချက်ကို စားနပ်ရိက္ခာဝန်ကြီးဌာနထံပေးပို့ပြီးသည်နှင့် နိုင်ငံ၏အဓိက စားနပ်ရိက္ခာအေဂျင်စီဖြစ်သော India Food Corporation သည် တောင်းဆိုမှုအတွက်လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

Agribusiness & Trade

ယမန်နှစ် ဂျုံပိတ်ပင်မှုအပြီး ဆောင်ရွက်သည့်အချိန်တွင်လည်း အိန္ဒိယသည် ဂျုံကို အဓိက တင်ပို့သူမဟုတ်သော်လည်း မိတ်ဖက်နိုင်ငံများ၏ အမှန်တကယ် စားနပ်ရိက္ခာဖူလုံရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမည်ဟု စားနပ်ရိက္ခာဝန်ကြီး Piyush Goyal က ချက်ချင်းပြောကြားခဲ့ပါကြောင်း၊ အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလတွင် ဆန်ကွဲတင်ပို့မှုကို တားမြစ်ခဲ့သော်လည်း နိုင်ငံအချို့သို့တင်ပို့ခွင့်ပြုခဲ့ပါကြောင်း၊ ဂျုံနှင့် ဆန်ကွဲများ ပိတ်ပင်ထားချိန်မှစ၍ အိန္ဒိယသည် နီပေါသို့ ဂျုံတန်ချိန် ၃၀၀,၀၀၀ ကျော်၊ ဆန်ကွဲတန်ချိန် ၂၀၀,၀၀၀၊ အင်ဒိုနီးရှားသို့ ဆန်ကွဲတန်ချိန် ၅၀၀,၀၀၀၊ ဆီနီဂေါသို့ ဆန်ကွဲတန်ချိန် ၅၀၀,၀၀၀ နှင့် ဂမ်ဘီယာသို့ ဆန်ကွဲတန်ချိန် ၅၀,၀၀၀ တို့ကို လူသားချင်းစာနာထောက်ထားမှု အကူအညီဖြင့် ဆန်ကွဲတန်ချိန် ၅ သောင်းကျော် တင်ပို့ခဲ့ကြောင်းလည်း Hindustan Times သတင်းစာတွင် ဖော်ပြထားပါသည်။

Source: Bhutan reaches out for rice amid export ban, India likely to offer it , Hindustan Times,

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

.........................................................................................

## အိန္ဒိယနိုင်ငံတွင် ဆန်တင်ပို့မှုများ ပိတ်ပင်လိုက်ပြီးနောက် သကြားတင်ပို့မှုအား ပိတ်ပင်မည်ကို စိုးရိမ်မှုများ ဖြစ်ပေါ်လျက်ရှိ

ပြည်တွင်းကုန်ဈေးနှုန်းကိုထိန်းချုပ်ရန် အိန္ဒိယကဆန်တင်ပို့မှုအချို့ကို ပိတ်ပင်လိုက်ပြီးနောက် ကုန်သည်များက အခြားသော အခြေခံစားသောက်ကုန်စည်တစ်မျိုးဖြစ်သည့် သကြားအား ကန့်သတ်ပိတ်ပင်မည်ကို စိုးရိမ်နေကြကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့မှု ပိုမိုတင်းကျပ်လာသဖြင့် တောင်အာရှနိုင်ငံမှ သကြားတင်ပို့မှုအပေါ် ကမ္ဘာ့နိုင်ငံအသီးသီးက ပိုမိုမှီခိုလာရပါကြောင်း၊ အိန္ဒိနိုင်ငံ၏ ပြည်နယ်အများစုတွင် မိုးရွာသွန်းမှု မညီမျှမှုများကြောင့် သကြားစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းမည်ကို စိုးရိမ်လျက်ရှိပြီး နှစ် နှစ်ဆက်တိုက် သကြားထုတ်လုပ်မှုကျဆင်းမည့် အလားအလာများ တွေ့မြင်နေရသောကြောင့် အစိုးရအနေဖြင့် သကြားတင်ပို့မှုကို ကန့်သတ်လာနိုင်ပါကြောင်းနှင့် အိန္ဒိယအစိုးရက ပြည်ပသို့ ဂျုံနှင့် ဆန်မျိုးကွဲအချို့ရောင်းချခြင်းကို တားမြစ်ထားခြင်း၊ ရာသီဥတု ဆိုးရွားမှုနှင့် ယူကရိန်းတွင် ပိုမိုဆိုးရွားလာသော ပဋိပက္ခများကြောင့် ကမ္ဘာ့စားနပ်ရိက္ခာဈေးကွက်အပေါ် သက်ရောက်မှုများ ပိုမိုဖြစ်ပေါ်လာစေကြောင်း သိရှိရပါသည်။

Agribusiness & Trade

ဆန်တင်ပို့မှု တားမြစ်ခြင်းသည် စားနပ်ရိက္ခာဖူလုံမှုနှင့် ငွေကြေးဖောင်းပွမှုအပေါ် အစိုးရက စိုးရိမ်ပူပန်သောကြောင့်ဖြစ်ပါကြောင်းနှင့် ယခုစိုးရိမ်သည်မှာ အစိုးရအနေနှင့် သကြားနှင့် ပတ်သက်၍ အလားတူ စီမံဆောင်ရွက်မှုများ ဆောင်ရွက်သွားနိုင်၍ဖြစ်သည်ဟု အပူပိုင်းဒေသ သုတေသနဝန်ဆောင်မှုဌာနမှ သကြားနှင့် အီသနောအကြီးအကဲ Henrique Akamine က ပြောကြားထားပါသည်။

ကြံအဓိက စိုက်ပျိုးသည့် Maharashtra ပြည်နယ်နှင့် Karnataka ပြည်နယ်တို့တွင် ဇွန်လအတွင်း လုံလောက်သောမိုးရေမရရှိခဲ့သောကြောင့် သီးနှံစိုက်ပျိုးမှုကို ထိခိုက်စေခဲ့ပြီး ၂၀၂၃-၂၄ စိုက်ပျိုးရာသီတွင် သကြားအထွက်နှုန်းမှာ ပြီးခဲ့သည့်နှစ် ထွက်ရှိမှုထက် ၃.၄ ရာခိုင်နှုန်း ကျဆင်းပြီး တန်ချိန် ၃၁.၇ မီလီယံသာ ထွက်ရှိရန်မျှော်မှန်းထားပါကြောင်း၊ သို့ရာတွင် ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းပေးရန် လုံလောက်မှုရှိသည်ဟု အိန္ဒိယသကြားစက်ရုံများအသင်း ဥက္ကဋ္ဌ Aditya Jhunjhunwala ကပြောကြားထားကြောင်းလည်း သိရှိရပါသည်။

ထိုသို့ သကြားစိုက်ပျိုးထွက်ရှိမှု ကျဆင်းမည်ဟု ခန့်မှန်းထားသည့်အချိန်တွင် အိန္ဒိယသည် ဇီဝလောင်စာအတွက် သကြားကို ပိုမိုအသုံးပြုရန် စီစဉ်ထားပါကြောင်းနှင့် ယခင်နှစ်ထက် ၉.၈ ရာခိုင်နှုန်းပိုမိုသည့် သကြားတန်ချိန် ၄.၅ မီလီယံကို အီသနောထုတ်လုပ်ရန် အစိုးရက စီစဉ်ထားသည်ဟု သိရှိရကြောင်း အိန္ဒိယသကြားစက်ရုံများအသင်းက ပြောကြားထားပါသည်။

ယခု သကြားထုတ်လုပ်နိုင်မှုအခြေအနေအရ အိန္ဒိယအစိုးရသည် သကြားအား ပြည်ပသို့တင်ပို့မှုကို ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်းနှင့် အီသနောထုတ်လုပ်မှုကို အပြည့်အဝဆောင်ရွက်ခြင်း ရှိ/မရှိ မိမိတို့အနေဖြင့် ဂရုစိုက်စောင့်ကြည့်နေသည်ဟု Stone X ကုမ္ပဏီ၏ သကြားနှင့် အီသနောဌာန အကြီးအကဲဖြစ်သူ Bruno Lima က ပြောကြားထားကြောင်းလည်း သိရှိရပါသည်။

အိန္ဒိယ၏ စားနပ်ရိက္ခာဝန်ကြီးဌာန၊ အတွင်းဝန် Sanjeev Chopra က သကြားစက်ရုံများအသင်း၏ သကြားထုတ်လုပ်မှု လျော့နည်းမည်ဖြစ်ကြောင်း လေ့လာဆန်းစစ် အကဲဖြတ်ချက်ကို သောကြာနေ့က ဝေဖန်ခဲ့ပြီး ယင်းခန့်မှန်းချက်သည် အလွန်စောပြီး နိုင်ငံတွင်း သကြားပြတ်လပ်မည်ကို ထိတ်လန့်မှုဖြစ်စေခဲ့သည်ဟု Press Trust of India သတင်းစာတွင် ဖော်ပြထားကြောင်းလည်း သိရှိရပါသည်။

အိန္ဒိယသည် ယခင်ကလည်း သကြားတင်ပို့မှုကို ကန့်သတ်ခဲ့ပါကြောင်း၊ 2022-23 ရာသီတွင် တင်ပို့မှုပမာဏအား တန်ချိန် 6.1 သန်းသာ အများဆုံးတင်ပို့ရန် ကန့်သတ်ထားပြီး ယခင်နှစ် ခွင့်ပြုပမာဏ တန်ချိန် 11 သန်းထက် လျော့နည်းသွားကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံသည် ယခင် ဆန်ဖြူတင်ပို့မှု မပိတ်ပင်ခင်အချိန်တွင် ယခုကဲ့သို့ပင် တင်ပို့မှု ပိတ်ပင်နိုင်သည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီးနောက် တစ်ပတ်၊ နှစ်ပတ်ခန့်အကြာတွင် အစိုးရမှ အမိန့်

Agribusiness & Trade

ကြေငြာစာများတရား ဝင်ထုတ်ပြန်ခဲ့သည်ကို တွေ့ရှိရပါသည်။ ယခုသကြားကိစ္စမှာလည်း လုပ်ငန်းရှင်များအကြား သတင်းများပျံ့နှံ့နေသဖြင့် မကြာမီ အမိန့်ကြေငြာစာများ တရားဝင်ထုတ်ပြန်ပြီး ကန့်သတ်ခြင်းများ ဆောင်ရွက်လာနိုင်ပါသည်။ ထိုသို့ သကြားတင်ပို့မှု ပိတ်ပင်ပါက ကမ္ဘာ့သကြားဈေး မြင့်တက်လာနိုင်သကဲ့သို့ သကြားနှင့်ဆက်စပ်သည့် ကုန်ထုတ်လုပ်ငန်းများကိုပါ သက်ရောက်မှုများရှိလာနိုင်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတွင်း သကြားထုတ်လုပ် တင်ပို့နိုင်မှုအခြေအနေကိုလေ့လာ၍ လိုအပ်သလို မူဝါဒများ ချမှတ်ဆောင်ရွက် သင့်ပါကြောင်း တင်ပြအပ်ပါသည်။

Source: Rice export ban sparks concern that sugar may be next, The Economic Times,
မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

## ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွက် စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း သတင်းထုတ်ပြန်ချက်

ပင်လယ်နက်မှ ကောက်ပဲသီးနှံတင်ပို့မှုဆိုင်ရာ သဘောတူညီချက် Black Sea Grain Initiative ရပ်ဆိုင်းမှုနှင့် ပို့ကုန်ကန့်သတ်ချက်သစ်များကြောင့် FAO စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်းသည် ဇူလိုင်လတွင် ပြန်လည် မြင့်တက်ခဲ့ကြောင်း FAO က သတင်းထုတ်ပြန်ခဲ့ပါသဖြင့် တင်ပြအပ်ပါသည်။

အဆိုပါထုတ်ပြန်ချက်မှ အဓိကအချက်များကို အောက်ပါအတိုင်းကောက်နုတ်တင်ပြအပ်ပါသည်–

- FAO စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်းသည် ပြီးခဲ့သည့် ဇွန်လထက် ၁.၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ဇူလိုင်လတွင် ပျမ်းမျှ ၁၂၃.၉ မှတ်ရှိခဲ့ကြောင်း၊ ညွှန်းကိန်းမြင့်တက်မှုသည် ဟင်းသီးဟင်းရွက်ဆီဈေးနှုန်းညွှန်းကိန်း သိသိသာသာ မြင့်တက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊
- ဟင်းသီးဟင်းရွက်ဆီဈေးနှုန်းညွှန်းကိန်းသည် ၇ လမြောက်ဆက်တိုက် ကျဆင်းခဲ့ပြီးနောက် ပြီးခဲ့သည့်လထက် ၁၂.၁ ရာခိုင်နှုန်း တဟုန်ထိုး မြင့်တက်ခဲ့ကြောင်း၊ နိုင်ငံတကာနေကြာဆီဈေးနှုန်းများသည် Black Sea Grain Initiative ကို ရုရှားက သက်တမ်းမတိုးရန် ဆုံးဖြတ်ခဲ့မှုကြောင့် ပို့ကုန်တင်ပို့မှု မသေချာမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ၁၅ ရာခိုင်နှုန်းကျော် ပြန်လည်မြင့်တက်ခဲ့ကြောင်း၊ ကမ္ဘာ့စားအုန်းဆီ၊ ပဲပိစပ်ဆီနှင့် မုန်ညှင်းဆီ ဈေးနှုန်းတို့သည်လည်း အဓိက ဆီထုတ်လုပ်သည့် နိုင်ငံများတွင် ထုတ်လုပ်နိုင်မှု အလားအလာများအပေါ် စိုးရိမ်မှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဈေးနှုန်းများမြင့်တက်ခဲ့ကြောင်း၊

- FAO နံ့စားသီးနှံဈေးနှုန်းညွှန်းကိန်းသည် အာဂျင်တီးနားနှင့် ဘရာဇီးလ်နိုင်ငံတွင် ကောက်ပဲသီးနှံများ ရိတ်သိမ်းလျက်ရှိမှုမှ ရာသီပေါ်ပြောင်းဆံတင်ပို့မှု မြင့်တက်မှုနှင့် အမေရိကန်နိုင်ငံတွင် ခန့်မှန်းချက်ထက် ထုတ်လုပ်မှု သိသိသာသာ မြင့်တက်မှုတို့ကြောင့် နိုင်ငံတကာကောက်ပဲသီးနှံ ဈေးနှုန်းသတ်မှတ်ချက်များတွင် ၄.၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ ဇူလိုင်လတွင် ၀.၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ သို့ရာတွင် ယူကရိန်းဆိပ်ကမ်းမှ ဂျုံတင်ပို့မှုမသေချာမှုများ ရှိနေမှုတို့ကြောင့် နိုင်ငံတကာဂျုံဈေးနှုန်းသည် ၁.၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊
- FAO ဆန်ဈေးနှုန်းညွှန်းကိန်းများသည် ဇူလိုင်လတွင် ၂.၈ ရာခိုင်နှုန်းနှင့် နှစ်အားဖြင့် ၁၉.၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလကတည်းက အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း၊ ဆန်ဈေးနှုန်းများ မြင့်တက်မှုသည် ကမ္ဘာတစ်ဝန်းရှိ လူဦးရေ အမြောက်အများ၊ အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများနှင့် စားနပ်ရိက္ခာဝယ်ယူရန် ဝင်ငွေကို အဓိက အသုံးပြုနေရသူများအတွက် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊
- ပို့ကုန်ကန့်သတ်ချက်များသည် ထုတ်လုပ်မှု၊ စားသုံးမှုနှင့် ဈေးနှုန်းများအပေါ်တွင် နောက်ဆက်တွဲ သက်ရောက်မှုများရှိသည့်အတွက် နိုင်ငံအများအပြားတွင် ပြည်တွင်း စားသောက်ကုန်ဈေးနှုန်း ကြီးမြင့်မှုကို ဖြစ်ပေါ်လျက်ရှိကြောင်း၊
- FAO သကြားဈေးနှုန်းညွှန်းကိန်းသည် ဘရာဇီးလ်နိုင်ငံတွင် ကြံရိတ်သိမ်းမှု ဖြစ်ထွန်းမှုနှင့် အိန္ဒိယနိုင်ငံရှိ ကြံစိုက်ပျိုးသည့် ဒေသများတွင် မိုးလေဝသမှန်မှုနှင့် ကမ္ဘာ့သကြား အများဆုံး တင်သွင်းသည့် အင်ဒိုနီးရှားနှင့် တရုတ်နိုင်ငံတို့တွင် ဝယ်လိုအားကျဆင်းခဲ့မှုတို့ကြောင့် ၃.၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊
- FAO နို့ထွက်ပစ္စည်းဈေးနှုန်းညွှန်းကိန်းသည် ဇူလိုင်လတွင် ၀.၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် ရှိခဲ့သည့် ညွှန်းကိန်းအောက် ၂၀.၆ ရာခိုင်နှုန်းတွင် ရပ်တည်ခဲ့ကြောင်း၊ အပူရှိန်ပြင်းထန်မှုကြောင့် ဥရောပတွင် ရာသီပေါ် နို့ထုတ်လုပ်မှု ကျဆင်းခဲ့သည့်အတွက် မကြာသေးမီက အကျကြမ်းခဲ့သည့် ကမ္ဘာ့ဒိန်ခဲဈေးနှုန်းမှာ အနည်းငယ် ပြန်လည် ကောင်းမွန်လာခဲ့ကြောင်း၊
- FAO အသားဈေးနှုန်းညွှန်းကိန်းသည် ဇွန်လထက် ၀.၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ အမဲသား၊ ကြက်သားနှင့် ဘဲသားများအတွက် ဈေးနှုန်းသတ်မှတ်ချက်များသည် အဓိက အသားတင်သွင်းသည့် နိုင်ငံများမှ ဝယ်ယူတင်သွင်းမှုထက် ပိုမိုတင်ပို့နိုင်ခဲ့မှုကြောင့်

Agribusiness & Trade

ဈေးနှုန်းများ ကျဆင်းခဲ့သော်လည်း အနောက်ဥရောပနှင့် အမေရိကန်နိုင်ငံတို့မှ ဝက်သားထုတ်လုပ်မှုကျဆင်းခဲ့မှုနှင့်အတူ ရာသီအလိုက်ဝယ်လိုအား မြင့်တက်ခဲ့မှုတို့ကြောင့် ဝက်သားဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

မြန်မာသံရုံး
ရောမမြို့

## တောင်ကိုရီးယားနိုင်ငံ၏ ကင်မ်ချီတင်ပို့မှုကို ၂၀၂၇ ခုနှစ်တွင် နှစ်ဆမြှင့်တင်ရန် ရည်မှန်းထား

တောင်ကိုရီးယားနိုင်ငံ၏ အဓိကအစားအစာဖြစ်သည့် ကင်မ်ချီထုတ်လုပ်သည့်လုပ်ငန်းကဏ္ဍကို မြှင့်တင်ရန်ရည်ရွယ်၍ ပြည်ပနိုင်ငံများသို့ ကင်မ်ချီတင်ပို့မှုအား ၂၀၂၇ ခုနှစ်တွင် နှစ်ဆမြှင့်တင်ကာ အမေရိကန်ဒေါ်လာ သန်း ၃၀၀ အထိရရှိနိုင်ရန် စီမံကိန်းများချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းကို စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနက ၇-၈-၂၀၂၃ ရက်နေ့တွင် ၂၀၂၃ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိဆောင်ရွက်မည့် (၅) နှစ်တာစီမံချက်နှင့်တကွ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂၀၁၈ ခုနှစ်က ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် ကင်မ်ချီထုတ်လုပ်သည့် လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအက် (Kimchi Industry Promotion Act) တွင် နိုင်ငံ၏ ရိုးရာကင်မ်ချီလုပ်ငန်းကို အားဖြည့်ပေးမည့်အထွေထွေစီမံချက်များကို (၅) နှစ်လျှင်တစ်ကြိမ် ထုတ်ပြန်ကြေညာရမည်ဟု ပြဋ္ဌာန်းထားသည့်အတွက် ယခုလို (၅) နှစ်တာစီမံချက် ပြဋ္ဌာန်းရခြင်းဖြစ်ပါကြောင်း၊ အဆိုပါစီမံချက်အရ ၂၀၂၇ ခုနှစ်တွင် နိုင်ငံ၏ကင်မ်ချီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၃၀၀ အထိရရှိနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံသည် ကင်မ်ချီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄၁ သန်းရရှိခဲ့ပါကြောင်း စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့ပါသည်။

ရည်မှန်းချက်အတိုင်း ပို့ကုန်ဝင်ငွေတိုးမြှင့်နိုင်ရေးအတွက် ဝန်ကြီးဌာနသည် ကင်မ်ချီအချဉ်ဖောက်ခြင်းဖြစ်စဉ်အတွက်လိုအပ်သော အဏုဇီဝပိုးမွှားများ (microorganisms) များအရေအတွက်ကို နှစ်ဆတိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ အဏုဇီဝပိုးမွှားများကို ကင်မ်ချီတင်ပို့သည့် အငယ်စားနှင့် အလတ်စား လုပ်ငန်းရှင်များအား ဖြန့်ဝေမှုကိုလည်း ၂၀၂၂ ခုနှစ်တွင် ၁၈.၄ ရာခိုင်နှုန်းသာ ဖြန့်ဝေနိုင်ခဲ့သော်လည်း ၂၀၂၇ ခုနှစ်တွင် ၉၀ ရာခိုင်နှုန်းအထိ ဖြန့်ဝေသွားရန် စီစဉ်နေပါကြောင်း၊ ကင်မ်ချီတင်ပို့ရာတွင်လည်း ပြည်ပမှ စားသုံးသူများစိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်ရန် အမျိုးအစားအမျိုးမျိုး (ဥပမာ ဆားနည်းသောကင်မ်ချီ၊ သားသတ်လွတ်ကင်မ်ချီ စသည်ဖြင့်) ပြုလုပ်သွားမည်ဖြစ်ပါကြောင်းနှင့် ပြည်ပသို့တင်ပို့ရာတွင် လမ်းခရီးကြာမြင့်ချိန်ကာလအတွင်း အချဉ်ပေါက်မှု

Agribusiness & Trade

နူန်းနှေးကွေးစေမည့် နည်းပညာများတိုးတက်ရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့ပါသည်။

အထက်ပါစီမံချက်များအပြင် ကိုရီးယားကင်မ်ချီကို ကမ္ဘာ့နိုင်ငံများက ပိုမို၍ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် နိုင်ငံ (၁၅) နိုင်ငံတွင်လည်း ကင်မ်ချီနေ့ (Kimchi Day) ပွဲတော်များကိုလည်း ၂၀၂၇ ခုနှစ်တွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းရှိ ကင်မ်ချီလုပ်ငန်းနှင့် ဆက်စပ်သော အေဂျင်စီများအတွက် အကြံပေးအဖွဲ့တစ်ခုကိုလည်း ဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါအဖွဲ့တွင် စိုက်ပျိုးရေး-ငါးလုပ်ငန်းများနှင့် စားနပ်ရိက္ခာကုန်သွယ်ရေးကော်ပိုရေးရှင်း (Agro-Fisheries & Food Trade Corporation) နှင့် ကမ္ဘာ့ကင်မ်ချီသိပ္ပံ (World Institute of Kimchi) တို့ပါဝင်ဖွဲ့စည်းထားမည်ဖြစ်ပြီး တောင်ကိုရီးယား၏ ကင်မ်ချီတင်ပို့မှုကိုမြှင့်တင်ရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့်ကျေးလက်ရေးရာဝန်ကြီးဌာနက ပြောကြားခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဖွန်လစာရင်းအရ ကင်မ်ချီတင်ပို့မှုဝင်ငွေသည် အမေရိကန်ဒေါ်လာ ၈၁ သန်းအထိရောက်ရှိခဲ့ရာ ယခင်နှစ်ကတင်ပို့မှုဝင်ငွေဖြစ်သည့် အမေရိကန်ဒေါ်လာ ၇၇ သန်းထက် ၄.၈ ရာခိုင်နူန်း မြင့်မားလာခဲ့ပါကြောင်း၊ အဆိုပါပမာဏသည် နိုင်ငံ၏တစ်နှစ်ပျမ်းမျှတင်ပို့မှုဝင်ငွေဖြစ်သည့် အမေရိကန်ဒေါ်လာ ၆၇ သန်းထက်ပင် ၂၀.၃ ရာခိုင်နူန်း မြင့်မားနေပြီဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ ပထမ (၆) လအတွင်း ဂျပန်နိုင်ငံသို့ တင်ပို့မှုအများဆုံး ဖြစ်ခဲ့ကြောင်း၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပဈေးကွက်များက တောင်ကိုရီးယား၏ ကင်မ်ချီကို ဝယ်လိုအားမြင့်မားလာပြီး ဒုတိယနှင့် တတိယနေရာကို ရရှိထားပါကြောင်း စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့ပါသည်။

သို့ဖြစ်ပါ၍ အာရှတွင် စတုတ္ထမြောက်စီးပွားရေးအင်အားအကြီးဆုံး တောင်ကိုရီးယားနိုင်ငံသည် ၎င်းတို့ရိုးရာစားသောက်ကုန်တစ်ခုဖြစ်သည့် ကင်မ်ချီတင်ပို့မှုမြှင့်တင်နိုင်ရေးအတွက် စီမံဆောင်ရွက်ရာတွင် ဥပဒေပြုမှုအပိုင်းမှစ၍ တင်ပို့မှုလမ်းကြောင်းတစ်လျှောက်တွင် ကြုံတွေ့ရမည့် ဖြစ်နိုင်ခြေများအလယ် စားသုံးသူတစ်ဦးချင်းစီ၏ လိုအပ်ချက်နှင့်အကြိုက်တို့အထိ စ၊ လယ်၊ ဆုံးထည့်သွင်းစဉ်းစား၍ ပို့ကုန်မြှင့်တင်ရေးစီမံဆောင်ရွက်သကဲ့သို့ မြန်မာနိုင်ငံသည်လည်း မိမိတို့တင်ပို့မှုမြှင့်တင်လိုသည့် ကုန်စည်တစ်ခုချင်းစီအတွက် ယခုကဲ့သို့ အသေးစိတ်စီမံချက်ချဆောင်ရွက်နိုင်မည်ဆိုပါက မြန်မာ့ပို့ကုန်များတင်ပို့မှုမြှင့်တင်နိုင်ရေး အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

Source; https://www.koreaherald.com/view.php?ud=20230807000675&np=1&mp=1

ပပ၊ စီးပွားရေးသံမှူး

ဆိုးလ်မြို့

Agribusiness & Trade

## နိုင်ငံ၏ ပို့ကုန်တင်ပို့မှုတိုးတက်စေရေး အတတ်နိုင်ဆုံးကြိုးပမ်းသွားမည်ဟု တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးပြောကြား

တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုအခြေအနေ ပြန်လည်ကောင်းမွန်လာပြီဖြစ်ပါကြောင်းနှင့် အစိုးရကလည်း နိုင်ငံ၏ပို့ကုန်တင်ပို့မှုတိုးတက်စေရေး အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ၉-၈-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့သည့် စီးပွားရေးနှင့် သက်ဆိုင်သည့်ဝန်ကြီးများ တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးတွင် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Choo Kyung-ho က ပြောကြားခဲ့ပါသည်။

နိုင်ငံ၏ပို့ကုန်တင်ပို့မှုအခြေအနေသည် လအလိုက်တည်ငြိမ်မှုမရှိသေးသော်လည်း တိုးတက်မှုရှိလာသည်ကို မြင်တွေ့ရကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် ၁၀ လဆက်တိုက်လ အဖြစ်ကျဆင်းခဲ့သော်လည်း ပို့ကုန်တင်ပို့မှုဝင်ငွေသည် သွင်းကုန်တင်သွင်းမှုအတွက် ကုန်ကျငွေထက်မြင့်မားခဲ့သဖြင့် ကုန်သွယ်မှုပိုငွေပြခဲ့သည်မှာလည်း (၂) လဆက်တိုက်ရှိပြီဖြစ်ပါကြောင်း၊ ကုန်သွယ်မှုပိုငွေပြခဲ့သည့်အပြင် ပြည်ပမှလွှဲပြောင်းပေးလာသောအမြတ်ဝေစုများတိုးတက်ရရှိလာခြင်းတို့ကြောင့် လက်ရှိငွေစာရင်းပိုငွေပြခဲ့သည်မှာလည်း (၂) လဆက်တိုက်ရှိပြီဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံ၏ ပို့ကုန်တင်ပို့မှုမြှင့်တင်ရေး အထောက်အပံ့အဖြစ် အကောက်ခွန်ကုန်လှောင်ရုံ (Customs Bonded Warehouse) ဆိုင်ရာလုပ်ထုံးလုပ်နည်းများအား ဖြေလျှော့ပေးမည်ဖြစ်ကြောင်း၊ အကျိုးဆက်အဖြစ် ပို့ကုန်တင်ပို့သည့်ကုမ္ပဏီများ (ဥပမာ တစ်ပိုင်းလျှပ်ကူးပစ္စည်းများ (Semiconductors) စုစုပေါင်းတင်ပို့မှု၏ ၉၃ ရာခိုင်နှုန်းသည် Bonded Warehouse တွင် ထားပြီးမှ တင်ပို့ကြပါသည်။) သည် မိမိတို့ပို့ကုန်များကို Bonded Warehouse အတွင်း ပြန်လည်ပြုပြင်ထုပ်ပိုးခြင်း၊ တပ်ဆင်ခြင်းများပြုလုပ်၍ တန်ဖိုးမြှင့်တင်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်တွင်းကုမ္ပဏီများအား Bonded Warehouse အသစ်များတည်ဆောက်ရန်လည်း ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း ဝန်ကြီး Mr. Choo Kyung-ho က ပြောကြားခဲ့ပါသည်။

Source; https://www.koreaherald.com/view.php?ud=20230809000181

https://pulsenews.co.kr/view.php?sc=30800028&year=2023&no=238404

ပပ၊ စီးပွားရေးသံမှူး

ဆိုးလ်မြို့

……………………………………………………………………………..

## ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ပထမ (၁၀) ရက်အတွင်း
## တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှု၁၅.၃ ရာခိုင်နှုန်းကျဆင်းခဲ့

၂၀၂၃ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လတို့တွင် တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုဝင်ငွေသည် သွင်းကုန်တင်သွင်းမှုအတွက် ကုန်ကျငွေထက်မြင့်မားခဲ့ပြီး ကုန်သွယ်မှုပိုငွေပြခဲ့သော်လည်း ၂၀၂၃ ခုနှစ်၊ ဩဂုတ်လပထမ (၁၀) ရက်အတွင်း နိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် ယခင်နှစ်အလားတူကာလ ကတင်ပို့မှုဝင်ငွေနှင့် နှိုင်းယှဉ်လျှင် ၁၅.၃ ရာခိုင်နှုန်းကျဆင်းခဲ့သည့်အပြင် သွင်းကုန်တင်သွင်းမှု ထက်လည်း လျော့နည်းနေသည်ဟု ကိုရီးယားအကောက်ခွန် ဝန်ဆောင်မှုဌာန (Korea Customs Service) ၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားပါသည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ ၁၀ ရက်နေ့အထိကာလအတွင်း ပြည်ပသို့တင်ပို့မှု ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၃.၂ ဘီလီယံသာရှိရာ ယခင်နှစ်အလားတူကာလ တင်ပို့မှုဝင်ငွေ ဖြစ်သည့် အမေရိကန်ဒေါ်လာ ၁၅.၆ ဘီလီယံထက် လျော့နည်းနေပါသည်။ ပို့ကုန်သာမက သွင်းကုန်တင်သွင်းမှုပမာဏသည်လည်း အမေရိကန်ဒေါ်လာ ၁၆.၂ ဘီလီယံသာရှိခဲ့ရာ ယခင်နှစ်အလား တူကာလက တင်သွင်းမှုပမာဏထက် ၃၀.၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ သွင်းကုန်တင်သွင်းမှု ပမာဏကျဆင်းလာသော်လည်း ပို့ကုန်တင်ပို့မှုဝင်ငွေထက် အမေရိကန်ဒေါ်လာ ၃ ဘီလီယံ ပိုမိုနေ သဖြင့် ကုန်သွယ်မှုလိုငွေပြနေကြောင်း ကိုရီးယားအကောက်ခွန်ဝန်ဆောင်မှုဌာန၏ ထုတ်ပြန်ချက် တွင် ဖော်ပြထားပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ အဓိကပို့ကုန်ဖြစ်သည့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများကို ပြည်ပမှ ဝယ်လိုအားကျဆင်းနေသည့်အတွက် နိုင်ငံ၏ပို့ကုန်တင်ပို့မှုသည် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ စ၍ တဖြည်းဖြည်းကျဆင်းလာခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအထိ ၁၀ လဆက်တိုက် ကျဆင်းခဲ့ပြီး ဖြစ်ပါသည်။.

Source; https://www.koreatimes.co.kr/www/biz/2023/08/488_356826.html

ပပ၊ စီးပွားရေးသံမှူး

ဆိုးလ်မြို့

…………………………………………………………………...

## ၂၀၂၃ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေး ၁.၅ ရာခိုင်နှုန်း တိုးတက်မည်ဟု ကိုရီးယားဖွံ့ဖြိုးရေးသိပ္ပံက ခန့်မှန်း

တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၃ ခုနှစ်တွင် ၁.၅ ရာခိုင်နှုန်းတိုးတက်လိမ့်မည်ဟု တောင်ကိုရီးယားနိုင်ငံပိုင် အတွေးအခေါ်ပညာရှင်အဖွဲ့အစည်းဖြစ်သည့် ကိုရီးယားဖွံ့ဖြိုးရေးသိပ္ပံ (Korea Development Institute- KDI) က ၁၀-၈-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ယင်းပမာဏသည် လွန်ခဲ့သော (၃) လက KDI က ခန့်မှန်းထားသည့် နှုန်းထားနှင့် ထပ်တူပင်ဖြစ်ပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် ပြန်လည်ကောင်းမွန်လာသည့် အရိပ်အယောင်ရှိနေပါကြောင်း၊ ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ (အထူးသဖြင့် ကားနှင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများထုတ်လုပ်သည့် လုပ်ငန်းများ) ၏ စီးပွားရေးပြန်လည်နလန်ထူလာခြင်းသည် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတစ်ခုလုံး နလန်ထူလာအောင် ဦးဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် ၂.၃ ရာခိုင်နှုန်း တိုးတက်လိမ့်မည်ဟု ခန့်မှန်းကြောင်း KDI ၏ အစီရင်ခံစာတွင်ဖော်ပြထားပါသည်။ အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးတိုးတက်မှု ဆက်လက်တည်ငြိမ်နေမည်ဖြစ်သည့်အတွက် တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် ၂၀၂၃ ခုနှစ်၊ ဒုတိယနှစ်ဝက်တွင် ခန့်မှန်းထားသည့်အတိုင်း တိုးတက်လာလိမ့်မည်ဟု ခန့်မှန်းကြောင်း၊ သို့သော် တရုတ်နိုင်ငံ၏ စီးပွားရေးကျဆင်းခြင်း (သို့မဟုတ်) ကမ္ဘာ့အင်အားကြီးနိုင်ငံများတွင် ငွေကြေးဖောင်းပွမှု ဆက်လက်မြင့်မားလာခြင်းတို့ကြောင့် ငွေကြေးမူဝါဒတင်းကြပ်မှုများ ထပ်မံဆောင်ရွက်မည်ဆိုပါက တောင်ကိုရီးယား၏ စီးပွားရေးပြန်လည်နလန်ထူလာမှု နှေးကွေးနိုင်ကြောင်း KDI ၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ကမ္ဘာ့ရာသီဥတုအခြေအနေ ယိုယွင်းပျက်စီးလာခြင်းနှင့်အ တူ ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့အကြား စစ်ပွဲတို့ကြောင့် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများနှင့် ကောက်ပဲသီးနှံဈေးနှုန်းများမြင့်မားလာပြီး ငွေကြေးဖောင်းပွနှုန်းမြင့်မားလာပါက အမေရိကန်ပြည်ထောင်စုအပါအဝင် ကမ္ဘာ့အဓိကနိုင်ငံကြီးများတွင် ငွေကြေးမူဝါဒတင်းကျပ်မှုများ ထပ်မံတိုးမြှင့်ဆောင်ရွက်နိုင်ဖွယ်ရှိသည်ဟု KDI ၏ အစီရင်ခံစာတွင်ဖော်ပြထားပါသည်။ အဆိုပါ အစီရင်ခံစာတွင် တောင်ကိုရီးယားနိုင်ငံ၏ ငွေကြေးဖောင်းပွနှုန်းသည်လည်း ၂၀၂၃ ခုနှစ်တွင် ၃.၅ ရာခိုင်နှုန်းတွင် ရှိနေနိုင်ကြောင်း ဖော်ပြထားရာ ၂၀၂၃ ခုနှစ်၊ မေလအတွင်း KDI က ထုတ်ပြန်ခဲ့သောနှုန်းထားဖြစ်သည့် ၃.၄ ရာခိုင်နှုန်းထက် ပိုမိုလာပါသည်။ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ မြင့်မားမှုကြောင့်လည်း ငွေကြေးဖောင်းပွနှုန်းကို တိုးမြှင့်ခန့်မှန်းကြောင်း ဖော်ပြထားပါသည်။

၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်းကလည်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (The Organization for Economic Cooperation and Development) က တောင်ကိုရီးယား

Agribusiness & Trade

နိုင်ငံ၏ စီးပွားရေးသည် ၂၀၂၃ ခုနှစ်တွင် ၁.၅ ရာခိုင်နှုန်းတိုးတက်လိမ့်မည်ဟု ခန့်မှန်းထုတ်ပြန်ခဲ့ပါသည်။ သို့သော် တောင်ကိုရီးယားအစိုးရကမူ စီးပွားရေးတိုးတက်မှုနှုန်းသည် ၁.၄ ရာခိုင်နှုန်းသာ ရှိလိမ့်မည်ဟု ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွင်းက ခန့်မှန်းထားပါသည်။

Source: https://www.koreatimes.co.kr/www/biz/2023/08/488_356764.html

ပပ၊ စီးပွားရေးသံမှူး
ဆိုးလ်မြို့

……………………………………………………………………………………………………

Agribusiness & Trade